## နောက် မမေးရဲတော့ပါဘူး


“သား ကြီးလာရင် ဘာလုပ်မှာလဲ”

ငါးနှစ်အရွယ် ကလေးငယ်ကို ကျွန်တော် မေးမိသည်။ ဆေးခန်းနှင့် ဆရာဝန်ကို ကြောက်မနေစေရန် ကျွန်တော့်ဆေးခန်း လာတဲ့ ကလေးတိုင်းကို ကျွန်တော် ရင်းရင်းနှီးနှီး စကားပြောတတ်သည်။

“သား ကြီးလာရင် ကိုကြီးလို ဆရာဝန်လုပ်မယ်”

ကလေးငယ်က မဆိုင်းမတွ ဖြေသည်။ ဆေးခန်း၌ ထိုင်စောင့်နေသော အသက် ၂၀ အရွယ် မိန်းကလေး သုံးယောက်က ကလေးငယ်ကို လေးစားစွာ ကြည့်ကြသည်။ ကလေးငယ်၏မိခင်က ဂုဏ်ယူဝင့်ကြွားစွာ ပြုံး၏။

ကျွန်တော်က ကလေးငယ်ကို သွေးပေါင်တိုင်းရင်း -




“ဟာ. . . တယ်မိုက်ပါလား၊ ဘာလို့ ဆရာဝန် ဖြစ်ချင်တာလဲကွ” ဟု မေးတော့ ကလေးငယ်ဆီက စကားသံ ချက်ချင်း ထွက်မလာ။ ကျွန်တော့်အမေးကို ပြန်ဖြေရန် စဉ်းစားနေပုံပေါ်သည်။

“ပြောလေ သား၊ ဘာလို့ ဆရာဝန် ဖြစ်ချင်တာလဲ”

“ဆရာဝန်ဖြစ်ရတာ မိုက်တယ် ကိုကြီးရဲ့ ကောင်မလေးတွေ ဖင်ကို နေ့တိုင်း လှန်ကြည့်ရတယ်လေ”

“အို. . . ဘာတွေ လျှောက်ပြောနေတာလဲ”

ကလေးငယ်၏မိခင်က ကလေးငယ်ကို မျက်ရိပ်မျက်ကဲ ပြပြီး အော်သည်။

ကျွန်တော်က ကလေးငယ်ကို ဘာပြန်ပြောရမည် မသိ။ ကောင်မလေး သုံးယောက်ကတော့ ခေါင်းငုံ့ပြီး ပြုံးနေကြသည်။

» » » » »